## မိတ်ဆက်စကား

ကလေးများအတွက် ရင့်ကျက်စေမည့် ပထမဆုံးသော ပုံပြင်ပေါင်းချုပ်အဖြစ် ဤစာအုပ်ပါ Winnie the Pooh ပုံပြင်တွေဟာ ကလေးငယ်တွေအတွက် ပထမဆုံး အလေးထားစရာတွေကို အခြေခံပြီး ဖော်ပြပေးထားပါတယ်။

ပုံပြင်တစ်ပုဒ်စီအတွက် မေးခွန်းတစ်ခုစီ ပါရှိသော်လည်း အဲဒီမေးခွန်းက ပုံပြင်ရဲ့ အဓိကကျတဲ့ အချက်တွေကို အားဖြည့်ပေးပါလိမ့်မယ်။ ဥပမာအနေနဲ့ "အတွေ့အကြုံတွေဟာ ဘဝရဲ့စိန်ခေါ်မှုတွေကို လေ့လာသင်ယူနိုင်ဖို့နဲ့ နားလည်ဖို့အတွက် မုချလိုအပ်တဲ့ အခွင့်အလမ်းဖြစ်တယ်ဆိုတာကို ကလေးတွေ သိသွားဖို့ပဲ ဖြစ်ပါတယ်။

ပုံပြင်တစ်ပုဒ်စီဟာ ကလေးတွေရဲ့စိန်ခေါ်မှုတွေအပေါ် နိုင်နင်းစွာဖြေရှင်းနိုင်တဲ့ စွမ်းရည်တွေရှိလာစေဖို့ ရှုထောင့်အသစ်တွေ၊ မဟာဗျူဟာတွေ ပေးထားတာ တွေ့ရပါမယ်။ ပုံပြင်တွေဟာ ကလေးတွေကို သူတို့ ဘာလိုချင်တယ်၊ ဘာလိုအပ်တယ်၊ နှစ်သက်တယ်၊ မနှစ်သက်ဘူးဆိုတာနဲ့ သူတို့ရဲ့ ကိုယ်ပိုင်တန်ဖိုးတွေကို နားလည်နိုင်စေဖို့ တစ်ဦးချင်း တက်ကြွစွာ ပါဝင်လေ့လာနိုင်အောင် အားပေးတိုက်တွန်းမှုတွေ ဖြစ်စေပါတယ်။

ဒါကြောင့် ပုံပြင်တွေဟာ ကလေးတစ်ဦးချင်းစီအား လုပ်ပိုင်ခွင့်အာဏာ ပေးထားတယ်လို့ ဆိုနိုင်ပါတယ်။ ကလေးတွေကို သူတို့ဘာသာ တစ်ဦးချင်းဖြစ်စေ၊ အရွယ်ရောက်သူ လူကြီးတစ်ယောက်နဲ့ဖြစ်စေ ပုံပြင်အတူဖတ်စေခြင်းဖြင့် သူတို့ရဲ့အတွေ့အကြုံတွေကို ထိုးထွင်းသိမြင်နိုင်စွမ်းတွေ၊ အလေးအနက်စဉ်းစားဆင်ခြင်နိုင်စွမ်းတွေ ဖြစ်စေပါလိမ့်မယ်။

ကလေးတွေအတွက် ပိုမိုရင့်ကျက်တိုးတက်စေတဲ့ ပုံပြင်တွေကို ကလေးတွေက သူတို့ရဲ့ ဘဝစိန်ခေါ်မှုအသစ်တွေကို ကြည့်မှန်တစ်ချပ်ထဲ မြင်တွေ့ရတဲ့ ပုံစံဖြစ်အောင် ဖန်တီးပေးထားပါတယ်။

Winnie the Pooh နှင့် သူ၏သူငယ်ချင်းများဆိုသည့် ပုံပြင်ထက်ပိုပြီး ဘယ်ပုံပြင်တွေက ပိုပြီး ရှင်းမြူးဖွယ်ကောင်းတဲ့ လမ်းညွှန်ချက်တွေ ပေးနိုင်တော့မှာလဲ။

ဖော်ပြပါပုံပြင်တွေကို ဖတ်စေခြင်းဖြင့် ကလေးတွေကို စိတ်ကူးစိတ်သန်းလောကတစ်ခုအား ရှာဖွေစေနိုင်ပြီး ခင်မင်ရင်းနှီးစွာနဲ့ ပြောဆိုဆက်ဆံနိုင်စွမ်းတွေကိုလည်း ရရှိစေမှာဖြစ်ပါတယ်။

❖